# ငွေကြေးဆိုင်ရာသတင်းအချက်အလက်ဌာန (FIU နီပေါ) နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU မြန်မာ) တို့အကြား ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့်အခြားဆက်စပ်မှုခင်းများဆိုင်ရာ ထောက်လှမ်းရေးသတင်းအချက်အလက်ဖလှယ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ နီပေါလ် ရက်စတရာ ဘဏ် နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (ယခုမှနောင် တွင် အာဏာပိုင်များဟုညွှန်းဆိုမည်) တို့သည် ပူးပေါင်းဆောင်ရွက်ရန်စိတ်ဆန္ဒနှင့် အပြန်အလှန် အကျိုးစီးပွားတို့အတွက် ငွေကြေးခဝါချမှု၊ အကြမ်းဖက်ငွေကြေးထောက်ပံ့မှုနှင့်ဆက်နွယ်သည့် မှုခင်းများနှင့် ယင်းမှုခင်းများနှင့်ဆက်နွယ်သည့်လူပုဂ္ဂိုလ်များဆိုင်ရာ ထောက်လှမ်းရေးသတင်း အချက်အလက်များဖလှယ်ရန် ဆန္ဒပြုကြပါသည်။

ဤရည်မှန်းချက်အတွက် အောက်ပါအချက်များကို နားလည်သဘောတူညီကြပါသည်-

၁။ အာဏာပိုင်များသည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်စပ် သည့်မှုခင်းများနှင့် ယင်းမှုခင်းများနှင့်ဆက်စပ်သည့်လူပုဂ္ဂိုလ်များနှင့်သက်ဆိုင်သည့် သံသယ ဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှုသတင်းအချက်အလက်များ စုဆောင်းခြင်း၊ တည်ဆောက်ခြင်းနှင့် စိစစ်ခြင်းများတွင် ပူးပေါင်းဆောင်ရွက်ကြမည်။ ဤရည်မှန်းချက်အတွက် အာဏာပိုင်များသည် မိမိသဘောအလျောက်ဖြစ်စေ သို့မဟုတ် မိမိလက်ဝယ်တွင် အဆင့်သင့်ရှိပြီးဖြစ်သော သို့မဟုတ် တောင်းဆိုချက်တစ်ရပ်အရစုဆောင်းထားပြီးဖြစ်သော သတင်းအချက်အလက်တစ်စုံတစ်ရာကို တောင်းဆိုမှုကြောင့်ဖြစ်စေ ဖလှယ်ဆောင်ရွက်ကြမည်။

၂။ သက်ဆိုင်ရာအာဏာပိုင်များထံမှရရှိသော သတင်းအချက်အလက်များ သို့မဟုတ် အထောက်အထားများကို ယင်းတို့အားထုတ်ဖော်ပေးအပ်သည့် အာဏာပိုင်၏စာဖြင့် ရေးသားထားသော ကြိုတင်ခွင့်ပြုချက် မရှိဘဲ အခြားမည်သည့် တတိယပုဂ္ဂိုလ်/အဖွဲ့အစည်းသို့ ဖြန့်ချိခြင်း သို့မဟုတ် စီမံခန့်ခွဲမှု၊ တရား စွဲဆိုတင်ပို့မှု သို့မဟုတ် တရားစီရင်မှုများ အတွက် အသုံးပြုခြင်းများ ပြုလိမ့်မည်မဟုတ်ပါ။

၃။ အာဏာပိုင်များသည် သက်ဆိုင်ရာအာဏာပိုင်များထံမှရရှိသည့် မည်သည့်သတင်းအချက်အလက် သို့မဟုတ် အထောက်အထားကိုမဆို ယင်းတို့အားထုတ်ဖော်ပေးအပ်သည့် အာဏာပိုင်၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဤနားလည်မှုစာချွန်လွှာတွင်ဖော်ပြထားသည့် ရည်ရွယ်ချက်မှအပ အခြားရည်ရွယ်ချက်အတွက် အသုံးပြုခြင်း သို့မဟုတ် ထုတ်ပြန်ခြင်းကို ခွင့်ပြုလိမ့် မည်ဟုတ်ပါ။

၄။ ဤနားလည်မှုစာချွန်လွှာအရ ရရှိထားသည့် သတင်းအချက်အလက်များကို လျှို့ဝှက်ထား

ရှိရမည်။ ယင်းသည် တရားဝင်လျှို့ဝှက်ထားရှိရေးနှင့်သက်ဆိုင်သည်။ ထို့အပြင် ယင်းတို့အား လက်ခံရရှိသည် အာဏာပိုင်သည် မိမိပြည်တွင်းအရင်းအမြစ်မှရရှိသည့်သတင်းအချက်များ အတွက် ပြည်တွင်းဥပဒေများတွင်ပြဋ္ဌာန်းထားချက်များအတိုင်း ထိန်းသိမ်းကာကွယ်စောင့် ရှောက်ရမည်။

၅။ အာဏာပိုင်များသည် မိမိတို့နိုင်ငံအသီးသီး၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လက်ခံနိုင် သော ဆက်သွယ်ရေးလုပ်ထုံးလုပ်နည်းကို ပူးတွဲစီစဉ်ဆောင်ရွက်လိမ့်မည်ဖြစ်သည်။ ထို့အပြင် ဤနားလည်မှုစာချွန်လွှာ အကောင်အထည်ဖေါ်ဆောင်ရေးရည်ရွယ်ချက်အတွက် အချင်းချင်း တိုင်ပင်ညှိနှိုင်းဆောင်ရွက်ကြလိမ့်မည်။

၆။ အာဏာပိုင်များအကြားဆက်ဆံဆောင်ရာတွင် အင်္ဂလိပ်ဘာသာစကားကိုအသုံးပြုမည်။

၇။ အာဏာပိုင်များသည် တောင်းသို့သတင်းအချက်အလက်နှင့်တူညီသည့် အချက်အလက် များနှင့်ပတ်သက်၍ တရားစွဲဆိုခြင်းကိုဆောင်ရွက်ပြီးဖြစ်ပါက အကူအညီပေးအပ်ရန်တာဝန်မရှိ ကြပါ။

၈။ ဤနားလည်မှုစာချွန်လွှာအား အပြန်အလှန်သဘောတူညီချက်ဖြင့် မည်သည့်အချိန်တွင် မဆို ပြင်ဆင်နိုင်သည်။

၉။ ဤနားလည်မှုစာချွန်လွှာအား မည်သည့်အချိန်တွင်မဆို ပြန်လည်ရုပ်သိမ်းနိုင်သည်။

၁၀။ ဤနားလည်မှုစာချွန်လွှာသည် အာဏာပိုင်များကလက်မှတ်ရေးထိုးပြီးပါက အကျိုး သက်ရောက်မှုစတင်လိမ့်မည်ဖြစ်သည်။

—————— နေ့ —————— နေရာတွင် —————— ဘာသာဖြင့် လက်မှတ်ရေးထိုးသည်။

(ဤအင်္ဂလိပ်စာသားများသည် အစစ်အမှန်ဖြစ်ပြီး နှစ်ဖက်တာဝန်ရှိသူတိုင်းသည် မိမိတို့ဘာသာ စကားဖြင့် ဘာသာပြန်ဆိုထားရှိရန် တာဝန်ယူကြရမည်။)

| | |
|---|---|
| —————— | —————————— |
| Mukunda Mahat | ရဲမှူးချုပ် စိုးမြိုင် |
| ညွှန်ကြားရေးမှူး/အဖွဲ့ခေါင်းဆောင် | အဖွဲ့ခေါင်းဆောင် |
| ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးဌာန | ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| နီပေါလ် ရက်စတရာ ဘဏ်၊ နီပေါ | |